ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

# လူထုဗဟိုပြုစီမံကိန်း(တတိယနှစ်စက်ဝန်း)

# National Community Driven Development Project (NCDDP)



# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

# Village Development Plan (VDP)

## ကြံခင်းမြို့နယ်

၂၀၁၈ခုနှစ်

ကြက်လျှာစွန်းကျေးရွာ၊ ကြာအင်းကျေးရွာအုပ်စု

မာတိကာ

၁။မြို့နယ်မြေပုံ

၂။ကျေးရွာမြေပုံ(တည်နေရာ)

၃။အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

၄။ကျေးရွာအခြေခံအချက်အလက်များ(ကျေးရွာသမိုင်းကြောင်း)

၅။လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်(PSA/PRA)အကျဉ်းချုပ်ဇယား

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

၇။ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ

၈။ကျေးရွာအချက်အလက်(ပုံစံ-၁)

၉။စီမံကိန်းစက်ဝန်းအချိန်ဇယား(ပုံစံ-၂)


၁၀။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်(ပုံစံ-၃)

၁၁။ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း(ပုံစံ-၄)


၁၂။အစည်းအဝေးမှတ်တမ်းများ

၁၃။ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

# ၁. မြို့နယ်မြေပုံ


ကြံခင်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု၊ ကျေးရွာများပြ မြေပုံ
N
ဧရာဝတီတိုင်းဒေသကြီး
ဟင်္သာတခရိုင်၊ ကြံခင်းမြို့နယ်
ကွင်းအညွှန်းပြမြေပုံ
စကေး ၁ လက်မ = ၄မိုင်
ပဲ ခူး တိုင်း ဒေ သ ကြီး
အလုံချောင်း
မြောက်မြန်အောင်သစ်တောကြိုးဝိုင်း
ကွန်ချောင်းဆည်
ကွန်ချောင်း
ရေသာယာချောင်း
ဖါးတရုပ်ချောင်း
ကျောက်နီချောင်း
မှုင်ဝါးတောင်သစ်တောကြိုးဝိုင်း
ပတော်ချောင်း
ကြံခင်းသစ်တောကြိုးဝိုင်း
ပတော်သစ်တော ကြိုးဝိုင်း
ဓွေသမင်သစ်တော ကြိုးဝိုင်း
ရခိုင် ပြည် နယ်
မြန် အောင် မြို့ နယ်
ဧရာဝတီ မြစ်
ညွှန်ပြချက်
ပြည်နယ်/တိုင်း/ခရိုင်ခြား
မြို့နယ်ခြား
ကျေးရွာအုပ်စုခြား
ကွင်းခြား
ကားလမ်း
ရထားလမ်း
မြစ်ချောင်း

# ကြံခင်းမြို့နယ် ကြာအင်းကျေးရွာအုပ်စုပြမြေပုံ




ကြာအင်းကျေးရွာအုပ်စုပြမြေပုံ

## ၃. အုပ်စုတွင်ပါဝင်သောကျေးရွာစာရင်း

ကြာအင်းကျေးရွာအုပ်စု တွင်ပါဝင်သော ကျေးရွာများစာရင်း

၁. ကြာအင်းကျေးရွာ

၂. ကြပ်ကွင်းကျေးရွာ

၃. သရက်တောကျေးရွာ

၄. ကိုးပင်ကျေးရွာ

၅. ကံဆယ်ကျေးရွာ

**၆. ကြက်လျှာစွန်းကျေးရွာ**

၇. ရှားဇီးဘို ကျေးရွာ

ကြာအင်းကျေးရွာအုပ်စုသည် ကျေးရွာပေါင်း(၇)ရွာ ဖြင့် ပါဝင်ဖွဲ့စည်းထားပါသည်။

# ကြက်လျှာစွန်းကျေးရွာသမိုင်းကြောင်း

ကြက်လျှာစွန်းကျေးရွာသည် ဧရာဝတီတိုင်းဒေသကြီး၊ ဟသ်ာတခရိုင်၊ ကြံခင်းမြို့နယ် ကြာအင်းအုပ်စုတွင် တည်ရှိသော ရွာလေးဖြစ်ပါသည်။ အိမ်ခြေ (၁၀၀)၊ လူဦးရေ (၃၇၁) ဦးဖြင့် ဖွဲ့စည်းထား သော ရွာလေးဖြစ်ပါသည်။ ကြာအင်းအုပ်စု၏ ဗဟိုအဖြစ် ကံဆယ်ကျေးရွာကို သတ်မှတ်၍ ကြက်လျှာ ကျေးရွာနှင့် ကံဆယ်ကျေးရွာသည် (၂) မိုင်ခန့် ဝေးပါသည်။ ကြက်လျှာစွန်းကျေးရွာမှ ကြံခင်းမြို့သို့ (၉) မိုင်ကျော်ဟု ခန့်မှန်းရပါသည်။

ကြက်လျှာစွန်းကျေးရွာဟု အမည်တွင်ရခြင်းမှာ ကွန်းချောင်းနှင့်ပရှဉ်းချောင်း ဆုံရာနေရာတွင်တည်ရှိသော ကြောင့် ဖြစ်ပါသည်။ မြေနေရာမှာ ကြက်လျှာစွန်း သဏ္ဍာန် ရှိ၍ ကြက်လျှာစွန်း ကျေးရွာဟု ခေါ်တွင်ခဲ့ပါသည်။ ရွာ၏ ပုံသဏ္ဍာန်မှာ ထယ်သွားပုံဖြစ်၍ အရှေ့အနောက် သွယ်တန်းနေပါသည်။စတင် တည်ထောင်ချိန်တွင် အိမ်ခြေ (၃၀)ခန့်သာ ရှိခဲ့ပါသည်။ ကြက်လျှာစွန်းကျေးရွာ၏ အရှေ့ဘက်တွင် ဘက်ရဲမြို့ရှိ၍ အနောက်ဘက်တွင် ကံဆယ်ကျေးရွာ နှင့်ထိစပ်နေပါသည်။တောင်ဘက်တွင်မူ ပရှဉ်းချောင်း ရှိ၍ မြောက်ဘက်တွင် ကွန်ချောင်းရှိပါသည်။ ရွာအဝင်တွင် မူလတန်းကျောင်းနှင့်ရွာဦးစေတီလည်းရှိပါသည်။ဘုန်းတော်ကြီးကျောင်းမှာမူရွာနှင့်အလှမ်းဝေး၍တောင်ပေါ်တွင်သီးခြား တည် ရှိပါသည်။ရွာ၏ အဓိကစီးပွားရေးမှာ လယ်ယာလုပ်ငန်းဖြစ်၍ ဆန်စပါးနှင့် မတ်ပဲများ စိုက်ပျိုးကြပါသည်။ ချောင်းနှစ်ချောင်းကြား ဆုံရာနေရာတွင် တည်ရှိ၍ မြေသြဇာ ကောင်းသောကြောင့် သီးနှံများ ဖြစ်ထွန်းပါသည်။ ခရမ်းချဉ်၊ ဘူး၊ သခွား၊မြေပဲနှင့် ဟင်းသီးဟင်းရွက်များလည်း စိုက်ပျိုးကြပါသည်။ ချောင်းမြောင်းပေါများ၍ သားငါးလည်း ပေါများ ပါသည်။

လူမျိုးများမှာ ဗမာလူမျိုးများဖြစ်၍ ဗုဒ္ဓဘာသာကို ကိုးကွယ်ကြပါသည် ရွာတွင်မူလတန်းကျောင်း ရှိ၍ အလယ်တန်း နှင့်အထက်တန်းကို အ.ထ.က ဘက်ရဲသို့ သွားရောက်ပညာသင်ကြား ရပါသည်။လျှပ်စစ်မီးရရှိ၍ လျှပ်စစ်မီးအား ဘက်ရဲထရမ်စဖာမှ ပေးပါသည်။ ဘက်ရဲမြို့နှင့်ကြက်လျှာစွန်း ကျေးရွာအား ကြိုးတံတားဖြင့် ဆက်သွယ် ထားပါသည်။ အလျား (၁၉၂)ပေ၊ ဗျက်(၅)ပေရှိသော ကြိုးတံတားအား ဆွစ်ဇာလန်နိုင်ငံသား မစ္စတာတိုနီမှ ၂၀၁၅ တွင် မတည် လှူဒါန်းခဲ့ပါသည်။ ၎င်းကြိုးတံတား မရှိစဉ်က ကြက်လျှာစွန်းကျေးရွာမှ ဘက်ရဲမြို့သို့ သွားလာရေး အလွန် ခက်ခဲ ပါသည်။

ကြက်လျှာစွန်းကျေးရွာသားများတွင် မိမိတို့ကျေးရွာနှင့် ပတ်သက်၍ အိမ်မက်များရှိကြပါသည်။ ကံဆယ် ကျေးရွာနှင့် ကြက်လျှာစွန်းကျေးရွာ ဆက်သွယ်ထားသော လမ်းအား အဆင့်မြင့် တိုးချဲ့ခြင်း ဘုန်းတော်ကြီးကျောင်း သို့ သွားရာ မြို့တောင်လမ်းအား ချောင်းကျောက်ခင်းလိုခြင်း ဆန္ဒများ ရှိကြပါသည်။ ကြက်လျှာစွန်း ကျေးရွာသူ ရွာသား များသည် စည်းလုံးညီညွတ်ခြင်း၊ အေးချမ်းခြင်း၊စိတ်နလုံးဖြူစင်ခြင်း များကိုပိုင်ဆိုင်၍ဖွံ့ဖြိုးရေးစိတ်ဓာတ်များသည်လည်း သူတို့၏စိတ်ထဲတွင် အစဉ်အမြဲ ကိန်းအောင်းနေကြပါသည်။မိမိတို့၏ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို မိမိတို့၏ လက်ဖြင့် အလှဆင် လိုကြသောကျေးရွာသူ/သားများဖြစ်သည်။.

## ၅။လူထုပူးပေါင်းပါဝင်သော လူမှုခံသန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်(PSA/PRA)အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှုနှင့်သဘာဝ<br>အရင်းအမြစ်ပြမြေပုံ<br>(Social Map &<br>Resource map) | 19.9.2017 | ရပ်မိရပ်ဖ၊ ကော်မတီဝင်များ၊<br>ရပ်ရွာလူထုများ | 5 | 3 | 8 | - ဒေသတွင်း<br>သဘာဝအရင်းမြစ်များ<br>-လူမှုအဆောက်အဦးများ<br>-ဘာသာရေးအဆောက်အဦးများ<br>-လမ်းပန်းဆက်သွယ်ရေးများ |
| ၂ | ရာသီခွင်ပြ ပြက္ခဒိန်<br>(Seasonal Calender) | 19.9.2017 | ရပ်မိရပ်ဖ၊ ကော်မတီဝင်များ၊<br>ရပ်ရွာလူထုများ | 5 | 6 | 11 | - ရာသီဥတု၊စိုက်ပျိုးသီးနှံများ၊<br>လအလိုက်ဝင်ငွေများ၊<br>အလုပ်အကိုင် အခွင့်အလမ်းများ၊<br>ပွဲတော်များ၊ သဘာဝဘေးများ၊<br>လယ်ယာလုပ်ငန်းနှင့်<br>အခြားလုပ်ငန်းများ |
| ၃ | ဥစ္စာဓနအဆင့်<br>သတ်မှတ်ခြင်း<br>(Wealth Ranking) | 19.9.2017 | ချမ်းသာ၊ အလယ်၊ အလတ်၊ နွမ်းပါး၊<br>အလွန်နွမ်းပါး အုပ်စုများ | 7 | 10 | 17 | -ကျေးရွာ လူမှုစီးပွားအုပ်စုများ၊<br>ခွဲခြားသတ်မှတ်နိုင်ရေး<br>-အဆင့်လိုက်အခြေခံ စံနှုန်းများ၊<br>အများသဘောတူသတ်မှတ်နိုင်ရေး<br>-ကျေးရွာ၏ လူမှု စီးပွားရေး |
| ၄ | အဖွဲ့အစည်းချိတ်<br>ဆက်မှုပြမြေပုံ<br>(Venn Diagram) | 19.9.2017 | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊<br>အခြားအဖွဲ့တွင် ပါဝင်သူများ | 8 | 9 | 17 | -ကျေးရွာတွင်း၊<br>ပြင်ရှိအဖွဲ့အစည်းများ မည်ကဲ့သို့<br>ချိတ်ဆက် ဆောင်ရွက် နေပုံ။ |
| ၅ | ပင့်ကူအိမ်ကွန်ယက်<br>(cobweb) | 19.9.2017 | ကျေးရွာရှိအမျိုးသားနှင့်<br>အမျိုသမီးများ | 3 | 12 | 15 | -နေ့စဉ်ဘဝအတွက်<br>ဆောင်ရွက်မှု တွင်<br>အမျိုးသားနှင့်အမျိုးသမီးတို့၏<br>ပါဝင်နိုင်မှုအချိုး<br>-အမျိုးသားနှင့်အမျိုးသမီး တန်းတူ<br>အခွင့်အရေးရရှိနိုင်မှု အပေါ်<br>သုံးသပ်ခြင်း။ |
| ၆ | အရင်းအမြစ်များ<br>အပေါ်အသုံးချနိုင်မှု၊<br>လွှမ်းမိုးမှုနှင့် ဆုံးဖြတ်နိုင်မှု<br>(Asset Mapping) | 19.9.2017 | ကျေးရွာရှိ အမျိုးသားနှင့်<br>အမျိုးသမီးများ | 29 | 40 | 69 | -အရင်းအမြစ်များအပေးတွင်<br>(အမျိုးသားနှင့်အမျိုးသမီးများ)<br>အသုံးပြုနိုင်မှုနှင့် ထိန်းချုပ်မှုတွင်<br>မည်သည့်အကြောင်းကြောင့်နည်း။<br>မည်သို့ညီမျှစွာ ခံစားခွင့်<br>ရမည်နည်း။ |
| ၇ | အခက်အခဲပြဿနာ<br>(Problem) | 19.9.2017 | ကော်မတီဝင်များနှင့်၊<br>ရပ်ရွာလူထုများ | 29 | 40 | 69 | -ဒေသဖွံ့ဖြိုးရေးအတွက်<br>အနှောင့်အယှက် အတားအဆီး၊<br>အခက်အခဲများ။<br>-လိုအပ်ချက်များ။ |
| ၈ | ကျေးရွာမျှော်မှန်းချက်များ<br>(Village Vision) | 19.9.2017 | ကော်မတီဝင်များနှင့်၊<br>ရပ်ရွာလူထုများ | 29 | 40 | 69 | -ဒေသဖွံ့ဖြိုးရေးအတွက်<br>ဘာတွေမျှော်မှန်းထားသလဲ။<br>ဘာကြောင့်မျှော်မှန်းထားသလဲ။ |
| ၉ | ကျေးရွာဦးစားပေး<br>လုပ်ငန်းများ | 19.9.2017 | ကော်မတီဝင်များနှင့်၊ရပ်ရွာလူထုများ၊<br>တက် ရောက်သူ အားလုံး | 29 | 40 | 69 | -အကျိုးပြုလူဦးရေ၊<br>အကျိုးခံစားခွင့်<br>-<br>လိုအပ်ချက်အဆင့်သတ်မှတ်ခြင်း။ |

## ၂။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(က) လူမှုနှင့် သဘာဝအရင်းအမြစ်ပြမြေပုံ သုံးသပ်ချက်




လူမှုနှင့်သဘာဝအရင်းအမြစ်ပြမြေပုံ

## လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ (ဆွေးနွေးချက်နှင့်ဆန်းစစ်ချက်)

- လယ်ယာ၊ သစ်တော၊ တောတောင်များကိုမှီခိုပြီးအသက်မွေးဝမ်းကြောင်းပြုကြသည်။ အဓိက စီးပွားရေးလုပ်ငန်းမှာ လယ်ယာလုပ်ငန်းဖြစ်သည်။
- စိုက်ပျိုးရေးမြေယာပိုင်ဆိုင်မှု ဦးရေနည်းပါးပြီး အများစုမှာကျပန်းလုပ်သားများ၊ နေ့စားလုပ်သား များ ဖြစ်ကြသည်။
- ကျေးရွာသူ၊ကျေးရွာသားအားလုံးမှာ ဗမာလူမျိုးများဖြစ်ကြ၍ ဗုဒ္ဓဘာသာကိုးကွယ်ကြသည်။
- မိုးရာသီတွင် သောက်သုံးရေဖူလုံသော်လည်း နွေရာသီတွင် ရေရှားပါးသည်။
- သီးနှံစိုက်ပျိုးခြင်းများလုပ်ကိုင်ကြသည်။

## ဖွံ့ဖြိုးရေးလိုအပ်ချက်

- ရွာတွင်းလမ်း
- စာသင်ကျောင်း(တိုက်ကျောင်း)
- ရွာချင်းဆက်လမ်း
- အစည်းအဝေးခန်းမ
- ရေတွင်းရေကန်
- လျှပ်စစ်မီး
- ဆေးပေးခန်း
- မူကြိုကျောင်း
- ဝင်ငွေတိုးလုပ်ငန်းများ
    - ကြက်၊ ဝက် မွေးမြူရေး
    - စိုက်ပျိုးရေးအတွက်ချေးငွေ

၂။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(ခ) ရာသီခွင်ပြ ပြက္ခဒိန် သုံးသပ်ချက်





<u>ရာသီခွင်ပြ ပြက္ခဒိန်</u>

**ရာသီခွင်ပြဇယားမှဆန်းစစ်မှုရလဒ် (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)**

- လယ်ယာလုပ်ငန်း၊ တောင်ယာလုပ်ငန်း(အဓိကဝင်ငွေရလုပ်ငန်း)။
- ထင်းခုတ်၊ ဝါးခုတ်၊  ရာသီပေါ်သီးနှံ တနိုင်တပိုင်စိုက်ပျိုးမှု (အခြားဝင်ငွေရ)။
- လယ်ယာနှင့် တောင်ယာရာသီပေါ်ချိန်ဝင်ငွေများ၊ လုပ်အားခများများရရှိသည်။
- အခြားဝင်ငွေရမှု လုံလောက်မှုမရှိ (အိမ်တွင်းစိုက်ပျိုးသီးနှံများဖြင့် စားဝတ်နေရေးဖြေရှင်း)။
- တန်ခူး၊ ကဆုန်၊ နယုန်၊ တော်သလင်း၊ တပေါင်းလများတွင် လုပ်အားခနည်းပါးသည်။
- ကျန်းမာရေး-ဂါခေါင်လနှင့် တော်သလင်းလတွင် ဖျားနာတတ်သည်။
- တစ်နေ့တာအတွင်းမိသားစုလိုက် အလုပ်အကိုင်မတူ၍ အမျိုးသား နှင့် အမျိုးသမီး ဝင်ငွေမတူ ညီ (အမျိုးသမီးများအိမ်မှုကိစ္စများနှင့် အချိန်ကုန်)။
- အမျိုးသားများမှတာဝန်ခွဲဝေယူမှုနှင့်ကျား၊မရေးရာသိမြင်ခံစားလာအောင်ဆွေးနွေး (အိမ်မှုကိစ္စဝိုင်းလုပ်လျှင် ၂-ဦးလုံးဝင်ငွေရရှိနိုင်)။
- တန်းတူညီမျှမှုနှင့် သာတူညီမျှမှုအကြောင်းဆွေးနွေး၍ဝင်ငွေတိုးစေခြင်းကိုဆွေးနွေး။

**၂။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ**

(ဂ) လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း နှင့် သုံးသပ်ချက်


ဥစ္စာဓန အဆင့်သတ်မှတ်ခြင်း

ကျေးရွာ - ကြက်ချွာစွန်း

ပါဝင်ဆွေးနွေးသူ-ကျား (၁၀)
- မ (၁၅)

ရက်စွဲ ။ ၁.၁.၂၀၁

| အဆင့် | စံသတ်မှတ်ချက်များ | အိမ်ထောင်စု | ရာခိုင်နှုန်း |
|---|---|---|---|
| (က) | ပျဉ်ထောင်မြဉ်ခင်းသွပ်မိုး၊ လယ် (၁၀) ဧက၊ ကိုင်း (၂၂) ဧက၊ နွား နှစ်ရှဉ်း၊ ရိတ်သိမ်းစက်၊ ဆိုင်ကယ်၊ လယ်ထွန်စက်၊ ရေစုပ်စက်၊ ကား | ၃၁ | ၃၀.၇% |
| (ခ) | ပျဉ်ထောင်အိမ်၊ လယ် (၈) ဧက၊ ကိုင်း (၁၁) ဧက၊ နွားတစ်ရှဉ်း၊ ဆိုင်ကယ်၊ စက်ဘီး၊ ရေစုပ်စက်၊ အသီးချွေစက် | ၂၀ | ၁၉.၈% |
| (ဂ) | ပျဉ်ထောင်အိမ် (သက်ကယ်မိုး)၊ လယ် (၅) ဧက၊ နွားတစ်ရှဉ်း၊ စက်ဘီး၊ ရေစုပ်စက် | ၃၀ | ၂၉.၇% |
| (ဃ) | ဝါးခင်း၊ထရံကာ၊သက်ကယ်မိုး၊ ကျပန်းလုပ်၊ စက်ဘီး | ၂၀ | ၁၉.၈% |
| | စုစုပေါင်း | ၁၀၁ | ၁၀၀% |


<u>လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း</u>

## ဥစ္စာစနေကြွယ်ဂပ္ပဇယား (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)

- ကျေးရွာတွင် ( က၊ ခ၊ ဂ၊ ဃ ) အဆင့်( ၄ ) ဆင့်သတ်မှတ်ပြီးရေးဆွဲခဲ့သည်။ (က)အဆင့် အိမ်ထောင်စုများသည် ချမ်းသာ၊ (ခ)အဆင့် အိမ်ထောင်စုများသည် အသင့်အတင့်၊ (ဂ)အဆင့် အိမ်ထောင်စုများသည် နွမ်းပါး၊ (ဃ)အဆင့် အိမ်ထောင်စုများသည် အလွန်နွမ်းပါးဟူ၍ သတ်မှတ်သည်။
- ( ဃ )အဆင့် နွမ်းပါးသောအုပ်စုတွင် အိမ်ထောင်စု(၂၇)အိမ်ထောင်စု ပါဝင်သည်။
- နွမ်းပါးရသောအကြောင်းအရင်းများမှာကျပန်းလုပ်ငန်းများလုပ်ဆောင်ရသောကြောင့် ပုံမှန်ဝင်ငွေမရှိခြင်း၊ မိဘများအသိပညာဗဟုသုတနည်းပါးခြင်း၊ ကလေးများအားကျောင်းမထား နိုင်ကြခြင်း၊ အလုပ်အကိုင်အခွင့် အလမ်းနည်းပါးခြင်း၊လယ်ယာမြေ ပိုင်ဆိုင်မှုမရှိခြင်း စသည် တို့ကြောင့် ဖြစ်သည်။
- အစီအစဉ်ရေးဆွဲရာတွင် နွမ်းပါးသူများ၏ အားလပ်ချိန်တွင်ရေးဆွဲခြင်း၊ နွမ်းပါးသူများနှင့် ကျေးရွာလူထု၏ သတ်မှတ်သောအဆင့်များ၊ ၎င်းတို့၏လိုအပ်ချက်များကိုဦးစားပေး စဉ်းစား ရေးဆွဲခဲ့သည်။
- ကျေးရွာအခြေခံအဆောက်အဦးများ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေးဆွဲအကောင်အထည်ဖော် လုပ်ငန်း များတွင် ကျေးရွာလူထုနွမ်းပါးသူများဝင်ရောက်လုပ်ကိုင်ခြင်းဖြင့် လုပ်အားခရရှိပြီး ဝင်ငွေများ ရရှိလာမည် ဖြစ်သည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများကျေးရွာတွင် လုပ်ကိုင်ခြင်းဖြင့် ကျေးရွာလူထုမှ အချိန်ကုန်မှုများလျော့လာပြီးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

**၂။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ နှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ**

(ဃ) အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံ နှင့် သုံးသပ်ခြင်း



အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံ

## အဖွဲ့အစည်းချိတ်ဆက်ပြပုံ (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)

ကျေးရွာတွင် အုပ်ချုပ်ရေးအဖွဲ့သည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးတွင်အဓိကဦးဆောင်သည်။ ကျေးရွာ အုပ်ချုပ်ရေး အဖွဲ့တွင် ရာအိမ်မှူး၊ ဆယ်အိမ်မှူးများနှင့် ကျေးရွာရပ်မိရပ်ဖ များလည်း ပါဝင်ကြသည်။ အမျိုးသားများသာ ပါဝင်ဖွဲ့စည်း ထားသည်။

လူငယ်ပရဟိတအဖွဲ့သည် ကျေးရွာ၏ သာရေးနာရေးများ နှင့် လူမှုရေးလုပ်ငန်းများကို အုပ်ချုပ်ရေး အဖွဲ့နှင့် ချိတ်ဆက် ဆောင်ရွက်သည်။လူငယ်ပရဟိတအဖွဲ့တွင် အမျိုးသမီးများလည်း ပါဝင်ကြသည်။ ၎င်းတို့သည် ကျေးရွာသာရေး၊ နာရေးများ၌ ချက်ရေးပြုတ်ရေးနှင့် ကျွေးမွေးဧည့်ခံရေးတို့တွင် အမျိုးသားများနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ကြ သည်။

ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ အမျိုးသမီးရေးရာ၊ မီးလင်းရေးအဖွဲ့၊ လူထုဗဟိုပြု နှင့် မီးသတ်အဖွဲ့ စသည်တို့သည်လည်း အုပ်ချုပ်ရေးအဖွဲ့နှင့်ချိတ်ဆက်၍ ကျေးရွာဖွံ့ဖြိုးရေးကို ဆောင်ရွက်ကြသည်။

## ၂။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(င) အရင်းအမြစ်များအပေါ် အသုံးချနိုင်မှု၊ လွှမ်းမိုးမှုနှင့် ဆုံးဖြတ်နိုင်မှုသုံးသပ်ချက်



အရင်းအမြစ် များအပေါ် လွှမ်းမိုးမှု နှင့် ဆုံးဖြတ်နိုင်မှု


## အရင်းအမြစ် အသုံးပြုမှု/ထိန်းချုပ်မှု(ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)

- အမျိုးသမီးများပါဝင်ဆွေးနွေးခြင်း၊ ဆုံးဖြတ်ချက်ချခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့ တွင် ပစ္စည်းများအားအမျိုးသားများနှင့်တန်းတူပိုင်ဆိုင်နိုင်ကြောင်းကို ဆွေးနွေးသုံးသပ်ခြင်း ဖြစ်သည်။
- အချုပ်စက်၊ မုန့်ကြိတ်စက် ကဲ့သို့သော အရင်းအမြစ်များကို အမျိုးသမီးများက အသုံးပြုကြသည်။
- ဆိုင်ကယ်၊ သစ်တော၊  ချောင်း၊ ရေလှောင်ကန်၊ လမ်း၊ လယ်၊ ကိုင်း၊ ရေတွင်း၊ စသည်တို့ ကဲ့သို့သော အရင်းအမြစ်များကို အမျိုးသားနှင့်အမျိုးသမီး နှစ်ဦးစလုံး အသုံးပြုကြသည်။
- အမျိုးသားနှင့်အမျိုးသမီး နှစ်ဦးစလုံးအသုံးပြုသော အရင်းအမြစ်များမှာ အလွန်များပြားသည်။ သို့သော် ထိုအရင်း အမြစ်များကို ထိန်းချုပ်ခြင်း၊ ဆုံးဖြတ်ချက်ချခြင်းတို့တွင်မူ အများအားဖြင့် အမျိုးသားများကသာ ထိန်းချုပ်ထားကြ သည်။
- အမျိုးသမီးများအနေဖြင့် ၄င်းတို့ကိုယ်တိုင် ထိန်းချုပ်ရသော( သို့ ) ဆုံးဖြတ်ချက်ချရသော အရင်းမြစ်များမှာ အလွန် နည်းပါးသည်။
- အရင်းအမြစ်များအား ထိန်းချုပ်ခြင်း၊ ဆုံးဖြတ်ခြင်းတို့တွင် အမျိုးသမီးများသည်လည်း အမျိုးသားများနှင့် တန်းတူပြုလုပ်နိုင်ကြောင်း၊ တန်းတူပိုင်ဆိုင်ခွင့်ရှိကြောင်း၊ ဆွေးနွေးခြင်းဖြင့် အမျိုးသားနှင့်အမျိုးသမီး တန်းတူညီမျှမှု ရှိ ပေလိမ့်မည်။

၂။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များ

နှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(င) ပင့်ကူအိမ်ကွန်ယက်နှင့်သုံးသပ်ချက်




<u>ပင့်ကူအိမ်ကွန်ယက်</u>

**ဆွေးနွေးခြင်းနှင့် ဆန်းစစ်ချက်**

အမျိုးသမီးများသည် ဆုံးဖြတ်ချက်ချခြင်းနှင့် ခေါင်းဆောင်မှုတို့တွင် အလွန်အားနည်းသည်။ အိမ်တွင်းမှု လုပ်ငန်းများတွင် အချိန်ကုန်ကာ ဝင်ငွေရရှိမှုလည်းနည်းသည်။ ရှေးရိုးစွဲအစဉ်အလာများနှင့် ပညာတတ်မြောက်မှု အားနည်းခြင်းတို့ကြောင့် အမျိုးသမီးများသည် မပြောရဲ၊ မဆိုရဲဖြစ် ရာမှ ပါဝင် ဆုံးဖြတ်ခွင့်မရှိပဲ ဖြစ်နေတတ်သည်။


အချို့သောကဏ္ဍများတွင် အမျိုးသားများ၏ လွှမ်းမိုးမှုကြောင့် အမျိုးသမီးများ၏ ပြောဆိုခွင့်များ နှင့် ဆုံးဖြတ်ခွင့်များ မှေးမှိန်နေတတ်သည်။ ထို့ကြောင့် အမျိုးသမီးများ ပါဝင်နိုင်ဖို့အတွက် အမျိုးသားများ၏ နေရာပေးမှုလည်း လိုအပ် သည်။

ကျေးရွာတွင် အသိပညာပေးဆွေးနွေးပွဲများကို အမျိုးသားနှင့် အမျိုးသမီး သီးခြားစီပြုလုပ်ခြင်း၊ အစည်းအဝေးပွဲများ တွင် အမျိုးသမီးများအား ပြောဆိုခွင့်ပေးခြင်း၊ ဆုံးဖြတ်ခွင့်ပေးခြင်းတို့ဖြင့် ၄င်းတို့အား လက်တွဲခေါ်ယူသင့်ပါသည်။

၂။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်း

စဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(ဆ) ကျေးရွာအခက်အခဲပြဿနာအပေါ် သုံးသပ်ချက်




အခက်အခဲပြဿနာများ

**အခက်အခဲ ပြဿနာများ (ဆွေးနွေးခြင်းနှင့် စမ်းစစ်ချက် )**

လမ်းပန်းဆက်သွယ်ရေးမကောင်းခြင်း၊ ကမ်းပါးပြိုနေသည့်အတွက် သွားလာနေထိုင်ရေး အဆင်မပြေခြင်း၊ အစည်းအဝေးကျင်းပရန် ခန်းမဆောင်မရှိခြင်း၊ကျန်းမာရေးအတွက်ဆေးခန်းနှင့်ဝေး ကွာနေခြင်း စသည့်အခက် အခဲများကို အမျိုးသားများက ဖော်ထုတ် ဆွေးနွေးကြသည်။

လမ်းပန်းဆက်သွယ်ရေးမကောင်းခြင်း၊ သောက်သုံးရေရှားပါးခြင်း၊ လူနေမှုအဆင့်အတန်းနိမ့် ပါးခြင်း၊ အလုပ်လက်မဲ့လူဦးရေများပြားလာခြင်း၊ စာပေဗဟုသုတနည်းပါးခြင်း စသည့်အခက် အခဲများကို အမျိုးသမီးများကလည်း ဖော်ထုတ်ဆွေးနွေးကြသည်။


ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး ဘက်ပေါင်းစုံမှ သုံးသပ်ထားကြသည်။

အမျိုးသားများအဆိုပြုသော အခက်အခဲများနှင့် အမျိုးသမီးများအဆိုပြုသောအခက်အခဲများ တူညီကြ သည်။အမျိုးသမီးများသည် ၄င်းတို့ကျေးရွာ၏ အခက်အခဲများကို အမျိုးသားများထက် များစွာဖော်ထုတ် ခဲ့ကြသည်။

အမျိုးသားများသည် ရုပ်ဝတ္ထုပိုင်းကိုသာ အဓိကထားကြသည်။ အမျိုးသမီးများကမူ အခြားအခြားသော ၄င်းတို့ကျေး ရွာအတွက် အခြေခံကြသော အခက်အခဲများကို ဖော်ထုတ်နိုင်ခဲ့ ကြသည်။

၂။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(ဇ) ကျေးရွာမျှော်မှန်းချက်အပေါ် သုံးသပ်ခြင်း




မျှော်မှန်းချက်


**ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းချက်များ ( ဆွေးနွေးခြင်းနှင့် စမ်းစစ်ချက် )**

အမျိုးသားများအနေဖြင့် ၎င်းတို့ကျေးရွာဖွံ့ဖြိုးရေးအတွက် မျှော်မှန်းကြရာတွင် ရွာလမ်းများကောင်းမွန်ရေးကို အဓိကအားဖြင့် မျှော်မှန်းထားကြသည်။ ထို့အပြင် ၎င်းတို့သည် ရွာချင်းဆက် လမ်းများ ကွန်ကရစ်လမ်းဖြစ်ရေး၊ သောက်သုံးရေဖူလုံရေး၊ ရွာတွင်စာကြည့်တိုက် ဆောက်လုပ်နိုင်ရေး၊ ဆေးပေးခန်းဆောက်လုပ်နိုင်ရေး ၊မူကြိုကျောင်းဆောက်လုပ်နိုင်ရေး၊ မီးသတ် ရေကန်တည်ဆောက်နိုင်ရန် စသည် ဖြင့် မျှော်မှန်းချက်များ ရှိကြသည်။

အမျိုးသမီးများသည်လည်း အမျိုးသားများနည်းတူ ရွာတွင်စာကြည့်တိုက်ဆောက်လုပ်နိုင်ရန်၊ ဆေးပေးခန်းဆောက် လုပ်နိုင်ရန်၊ ကွန်ကရစ်တံတားဆောက်လုပ်နိုင်ရန်၊ မူကြိုကျောင်းဆောက်လုပ် နိုင်ရန် ရွာတွင်းလမ်းများကောင်းမွန်ရန်၊ သောက်သုံးရေဖူလုံရေး မီးသတ်ရေကန်ဆောက်လုပ် နိုင်ရန်စသည်ဖြင့် မျှော်မှန်းထားကြသည်။

အမျိုးသားနှင့် အမျိုးသမီးတို့သည် အများအားဖြင့် မျှော်မှန်းချက်ခြင်း တူညီနေကြသည်။ ၎င်းတို့သည် အဓိကအားဖြင့် ရွာလမ်းများကောင်းမွန်ရေးကို မျှော်မှန်းထားကြသည်။ လမ်းများကောင်း မွန်ပါက ကျောင်းသားများလည်း သွားလာရေးအဆင်ပြေနိုင်သလို လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး အဘက်ဘက်မှ အဆင်ပြေချောမွေ့နိုင်မည်။

(ဈ) ကျေးရွာ ဦးစားပေးလုပ်ငန်းများအပေါ် သုံးသပ်ချက်



ဦးစားပေးလုပ်ငန်းများ

**<u>ဦးစားပေးလုပ်ငန်းများ အဆင့်သတ်မှတ်ချက်( ဆွေးနွေးခြင်းနှင့်ဆန်းစစ်ချက် )</u>**

ကြာအင်းအုပ်စု၊ ကြက်လျှာစွန်းကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို ဦးစားပေးအဆင့်သတ်မှတ်ရာတွင် မဲပေးခြင်းစနစ်ဖြင့် ရွေးချယ်ခဲ့ကြပါသည်။ ထိုသို့ မဲပေးရွေးချယ်ရာတွင် မဲအများဆုံးဖြစ်သော ကြက်လျှာစွန်း-ဘက်ရဲ ဂုံးပေါက်တည်ဆောက်ခြင်းလုပ်ငန်းအား ဦးစားပေး(၁)အဖြစ်လည်းကောင်း၊ မြေကာနံရံတည်ဆောက်ခြင်းကို ဦးစားပေး(၂)အဖြစ် လည်းကောင်း ၊ကြက်လျှာစွန်း-ဘက်ရဲ ဆက်သွယ်ရေးလမ်းကို ချောင်းကျောက်ခင်းခြင်း လုပ်ငန်းကို ဦးစားပေး(၃)အဖြစ်လည်းကောင်း၊စက်ရေတွင်း ရေကန်ကို ဦးစားပေး(၄)အဖြစ်လည်းကောင်း၊ ကွန်ကရစ်မီးတိုင်များလဲလှယ် ခြင်းလုပ်ငန်းအား ဦးစားပေး(၅)အဖြစ်လည်းကောင်း၊ စသည်ဖြင့် အစဉ်အလိုက် အသီးသီးရွေးချယ်ခဲ့ကြပါ သည်။

အဓိကဦးစားပေးလုပ်ငန်းမှာကြက်လျှာစွန်းဘက်ရဲဂုံးပေါက်တစ်ခုတည်ဆောက်ရန်လုပ်ငန်းဖြစ်သည်။ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး အဘက်ဘက်မှ အဆင်ပြေနိုင်မည် ဖြစ်သည်။

လူမှုဆန်းစစ်ခြင်းများအား ကျေးရွာလူထုကိုယ်တိုင်မှ ပူးပေါင်းပါဝင်ရေးဆွဲနေပုံ



ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီဝင်များ



ကျေးရွာ စီမံကိန်းအကောင်အထည်ဖော်ကော်မတီ အဖွဲ့ဝင်စာရင်း

မြို့နယ် : ကြာအင်း

ကျေးရွာ : ကြက်သွားစွန်း

စတင်ဖွဲ့စည်းသည့်ရက်စွဲ : 19.9.2017

| စဉ် | အဖွဲ့ | ရာထူး | အမည် | ဖုန်းနံပါတ် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ကျေးရွာစီ/ကောင် | ဥက္ကဋ္ဌ | ဦးမြင့်စိုး | 264040481 | |
| ၂ | | ဥက္ကဋ္ဌ | ဒေါ်ခင်ယုနု | | |
| ၃ | ဝယ်ယူရေးဆပ်ကော်မတီ | ခေါင်းဆောင် | ဦးအောင်ပိုင်စိုး | 978823204 | |
| ၄ | | အဖွဲ့ဝင် | ဒေါ်တင်တင်ညွှန့် | | |
| ၅ | | အဖွဲ့ဝင် | ဒေါ်နုမြတ်ကျော့ | 264454296 | |
| ၆ | စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီ | ခေါင်းဆောင် | ဦးကျော်ဝေ | 09 254462834 | |
| ၇ | | အဖွဲ့ဝင် | ဒေါ်နှင်းမိုမိုအောင် | 450107254 | |
| ၈ | | အဖွဲ့ဝင် | ဒေါ်သမ်းကျော့ဆိုင် | | |
| ၉ | လည်ပတ်ရေး နှင့် ပြုပြင်ထိန်း သိမ်းရေးဆပ်ကော်မတီ | ခေါင်းဆောင် | ဒေါ်အေးအေးမော် | | |
| ၁၀ | | အဖွဲ့ဝင် | ဦးအောင်ဝင်း | | |
| ၁၁ | | အဖွဲ့ဝင် | ဦးတင်လှိုင်အောင် | 769074040 | |
| ၁၂ | ကျေးရွာငွေစာရင်းကိုင် | စာရင်းကိုင် | ဦးဂွတ်မောင် | 264704511 | |
| ၁၃ | အငြင်းပွားမှုတိုင်ကြား ဖြေရှင်းရေးဆပ်ကော်မတီ | အဖွဲ့ဝင် | ဦးဇော်လင်း | 961487244 | |
| ၁၄ | | အဖွဲ့ဝင် | ဒေါ်ဖြိုးဖြိုးဝေ | | |
| ၁၅ | စေတနာ့ဝန်ထမ်း | အဖွဲ့ဝင် | ဦးသက်ထွန်းဦး | 264068737 | |
| ၁၆ | | အဖွဲ့ဝင် | ဒေါ်ယဉ်ကြည် | | |

ကျား-၈ / မ-၈

တာဝန်ခံဝန်ထမ်းများ

- လူထုစည်းရုံးရေးမှူး ဦးစိုင်းသူရအောင်
- လက်ထောက်နည်းပညာမှူး ဒေါ်မြတ်နုနွယ်

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃)

## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| |
|---|
| *လမ်းညွှန်ချက်။* ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။ |

| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် ဦးမြင့်ဦး | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် ဦးခိုင်းသူရအောင် |
|---|---|---|

| ပြည်နယ်၊တိုင်းဒေသကြီး | မြို့နယ် ကြံခင်း | ကျေးရွာအုပ်စု ကြာအင်း | ကျေးရွာ ကြက်ပျံကျွန်း |
|---|---|---|---|

ဧရာဝတီ

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ---ဗမာ--- | ၁၀၁ | ဘာသာ (၁) --ဗုဒ္ဓ----- | ၁၀၁ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------- | | ဘာသာရော ----------- | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၃၂ ; ကျား/မ ၈+၂၄ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁)---ဗမာ--- | ၁၈၁ | ၁၉၄ |
| လူမျိုးစု (၂)----------- | | |
| လူမျိုးစု (၃)----------- | | |
| အိမ်ထောင်ဦးစီး | ၈၁ | ၂၀ |

### (ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| အခြား | ☐ | | အခြား | ☐ | | ဗလီ | ☐ |
| | | | | | | အခြား | ☐ |
| *မှတ်ချက်* | | | *မှတ်ချက်* | | | *မှတ်ချက်* | |

**(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)**

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊မီးသမား | ☑ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☑ | ☐ | ရေပိုက်သွယ်သူ | ☑ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| *မှတ်ချက်* | | | *မှတ်ချက်* | | | *မှတ်ချက်* | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း | လူသွားလမ်း | အခြား [illegible] |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် — ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? — ရှိပါသည်/(မရှိပါ)/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? — မိုင်---၂---/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်--၂၀ မိနစ်---- ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျှင်/လား/မော်တော်ဘုတ်/ အခြား ------------------

မိုးရာသီတွင်ကြာချိန်--------၂၀ မိနစ်-------- ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျှင်/လား/မော်တော်ဘုတ်/ အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ --[illegible]-- ၂၀၀၆

**(ဈ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) -----------------------------------

(၂) -----------------------------------

| | | |
|---|---|---|
| ကျေးရွာခေါင်းဆောင် | အမည် ဦးမြင့်ဦး | |
| | လက်မှတ် | နေ့စွဲ |
| လူထုစည်းရုံးရေးမှူး | အမည် ဦးစိုးသူရအောင် | |
| | လက်မှတ် | နေ့စွဲ |

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃)

## ပုံစံ - ၈ -၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| *လမ်းညွှန်ချက်။* သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် [illegible] | | | |
| နေ့စွဲ 19.9.2017 | | စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) □ စက်ဝန်း(၂) ☑ စက်ဝန်း(၃) □ စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း [illegible] | မြို့နယ် [illegible] | ကျေးရွာအုပ်စု [illegible] | ကျေးရွာ [illegible] |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသားအရေအတွက် | အမျိုးသမီးအရေအတွက် | အိမ်ထောင်စုအရေအတွက် | လူမျိုးစုတက်ရောက်သူအရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | 19.9.2017 | 19.9.2017 | ၂၉ | ၄၀ | ၆၉ | ဗမာ / ၆၉ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | 19.9.2017 | 19.9.2017 | ၂၉ | ၄၀ | ၆၉ | ဗမာ / ၆၉ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | | | | | | |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| ၆.၂။ ဂယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | - - |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | - - |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | - - |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | - - |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | - - |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | - - |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | - - |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | - - |

## ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| | | | |
|---|---|---|---|
| *လမ်းညွှန်ချက်၊* အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ | | | |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးစိုင်းသူရအောင် | | | |
| နေ့စွဲ ၁၉.၉.၂၀၁၇ | | စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) □ စက်ဝန်း(၂) ☑ စက်ဝန်း(၃) □ စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း ဧရာဝတီ | မြို့နယ် ကြံခင် | ကျေးရွာအုပ်စု ကြာအင်း | ကျေးရွာ ကြက်လျှာစွန်း |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| | အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ | ဘုန်းတော်လမ်းမှ တာကျိုးတံတား ပျက်ဆီးနေခြင်း | ၁ | ပညာသင်ယူနိုင်မှုအားနည်းခြင်း စားဝတ်နေရေးခက်ခဲခြင်း။ |
| ၂ | အလုပ်အကိုင်နည်းပါးခြင်း | ၂ | တာကျိုးတံတား မကောင်းခြင်းကြောင့် ဆက်သွယ်ရေးမကောင်းခြင်း။ |
| ၃ | ဘုန်းကြီးကျောင်းလမ်းရေတိုက်စားမှု ကြောင့် ကမ်းပါးပြိုခြင်း | ၃ | အလုပ်အကိုင်မဲ့ လူငယ်များများခြင်း။ |
| ၄ | ကြက်လျှာစွန်း - သက်ရဲ ဂုံးကျော် မရှိခြင်း | ၄ | ပညာသင်တာအားနည်းခြင်း။ |
| ၅ | မီးရရှိသော်လည်း မီးအား မကောင်းခြင်း | ၅ | လူမှုအဆင့်အတန်း နိမ့်ပါးခြင်း။ |
| ၆ | အစည်းအဝေးကျင်းပရာတွင် အမြဲအဆောက်အဦး မရှိခြင်း | ၆ | ကျန်းမာရေးအတွက် ဆေးခန်းမရှိခြင်း တခြားသွားရောက်ကုသရခြင်း။ |
| ၇ | ကျေးရွာလမ်း မြို့တော်လမ်း မကောင်းခြင်း | ၇ | ရေချိုသောက်သုံးရေ ရှားပါးခြင်း။ |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| | အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ |
|---|---|---|---|
| ၁ | မျိုးဆက်သစ်ကလေးများအတွက် ပညာသင်ရန် စာကြည့်တိုက်တစ်ခုရှိရမည်။ | ၁ | ရွာသားများအားလုံး ပညာသင်တာကြွယ်ဝရမည်။ အလုပ်အကိုင်များတိုးတက်ရမည်။ |
| ၂ | အားကစားကွင်း၊ ဆေးပေးခန်း၊ မီးသတ်ရေကန်၊ မီးသတ်ကားရှိရမည်။ | ၂ | ဆေးပေးခန်းရှိရမည်။ မီးသတ်ရေကန်ရှိရမည်။ အားကစားကွင်းရှိရမည်။ |
| ၃ | မူကြိုကျောင်း၊ အစည်းအဝေးခန်းမရှိရမည်။ | ၃ | ကြိုးတံတားမှ ရွာထိပ် ... ကွန်ကရစ်လမ်း ဖြစ်ရမည်။ |
| ၄ | ဘုန်းတော်လမ်းကောင်းကောင်းရှိရမည်။ မြို့တော်လမ်းကောင်းရမည်။ | ၄ | ဘုန်းတော်လမ်းတွင် ကွန်ကရစ်လမ်းဖြစ်ရမည်။ |
| ၅ | သက်ရဲ - ကြက်လျှာစွန်း ကွန်ကရစ်တံတားရှိရမည်။ | ၅ | တစ်ရွာလုံး ကွန်ကရစ်လမ်းဖြစ်ရမည်။ |
| ၆ | ဦးကူး ဂုံးကျော်ကောင်းမွန်ရမည်။ | ၆ | လျှပ်စစ်မီးတိုင်များကိုလည်း ကျောက်တိုင်ဖြစ်ရမည်။ |
| ၇ | ကျေးရွာလျှပ်စစ်မီးအားကောင်းပြီး တရားဝင်မီတာတစ်ခုရှိရမည်။ | ၇ | ဦးကူးတံတား ခိုင်ခံ့စွာရှိရမည်။ |

ကွန်ကရစ်ဓာတ်မီးတိုင်ရှိရမည်။

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ကြက်လျှာစွန်း - ဘက်ရဲ ဒုံးပေါက်တစ်ခု တူးဖော်ရန် | ကျား + မ | ၁၀၀ အိမ်ခြေ | ၃၇၅ |
| ၂ | မြေကာနံရံ | ကျား | ၂၅၀ အိမ်ခြေ | ၃၇၇ |
| ၃ | ကြက်လျှာစွန်း - ကံဆယ် ဆက်သွယ်ရေးလမ်း ချောင်းကျော်တံတား ပြင်ဆင် | ကျား | ၁၀၉ အိမ်ခြေ | ၃၇၇ |
| ၄ | ဆက်ရေတွင်း ရေကန် | မ | ၅၀ အိမ်ခြေ | ၃၇၇ |
| ၅ | ကွန်ကရစ် ဓါတ်တိုင်များ ပါဝါလိုင်းပြင် | ကျား | ၁၀၆ အိမ်ခြေ | ၃၇၇ |
| ၆ | | | | |
| ၇ | | | | |
| ၈ | | | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက်အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | မီးသတ်ယာဉ်များ | ကျား | |
| ၂ | ဘောလုံးကွင်း ဆောက်ရန် | ကျား | |
| ၃ | လျှပ်စစ် Tranformer | ကျား + မ | |
| ၄ | | | |
| ၅ | | | |

ဥက္ကဋ္ဌ ၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ---- ဦးမြင့်ရိုး ---- လက်မှတ် ---- (signature) ---- နေ့စွဲ ---- ၁၆.၆.၂၀၁၇ ----

ဒေါ်ခင်သန်းနု (signature)

လူထုဗဟိုပြုစီမံကိန်း စီမံကိန်း ၂၉

အပိုင်း-၃ ၁၉.၉.၂၀၁၅

**ပုံစံPC-၄ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ**

| | | |
|---|---|---|
| *လမ်းညွှန်ချက်။ ။ကျေးရွာအုပ်စုစီမံချက်ရေးဆွဲသည့်အစည်းအဝေးတွင် ဤပုံစံအားလူထုစည်းရုံးရေးမှူး / လက်ထောက်နည်းပညာမှူးတို့၏ အကူအညီဖြင့်ပြည့်စုံစွာဖြည့်သွင်းရမည်။ဤပုံစံအားပြည့်စုံစွာဖြည့်သွင်းပြီးပါကကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင်နောက်ဆက်တွဲအဖြစ်တွဲထားရမည်။ CF မှ အချက်အလက်များကို MIS သို့ ထည့်သွင်းရမည်။* | | |
| ကျေးရွာစည်းရုံးရေးမှူး/ဂန်ထမ်းအမည် - မြတ်သူဇာ (TF) ၊ ဦးခိုင်သူရဇော် (CF) | | |
| နေ့စွဲ -၁၉ ၊ ၁၀.၂၀၁၇ | စက်ဝန်းအားအမှတ်ခြစ်ပေးပါ(√) ☐စက်ဝန်း(၁) ☐စက်ဝန်း(၂) ☑စက်ဝန်း(၃) ☐စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း<br>ဧရာဝတီ | မြို့နယ်<br>ကြံခင်း | ကျေးရွာအုပ်စု<br>ကြာအင်း |

| ကျေးရွာအမည် | ဆောင်ရွက်မည့် လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက်အကျိုး ခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | |
|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ ၊ အမည်/အဖွဲ့ | စုစုပေါင်း |
| ကြက်လျှာစွန်း | ကြက်လျှာစွန်း-ဘက်ရဲ ကုန်းပေါက် | ၁၄'-၀" × ၈'-၀" × ၁၅'-၀" | ၃၇၅ | ☐အမျိုးသား<br>☐အမျိုးသမီး<br>☑အမျိုးသားနှင့် အမျိုးသမီး | ၇၄.၁ သိန်း | - | ၂၅.၉ သိန်း (ဘက်လက်ကျန်) | ၁၀၀ သိန်း |
| ကြပ်ကွင်း | ရွာဝင်ဂုံးဆည် ကွန်ကရစ်ခင်း ဖြင့်နှင့် | ၂×၃၁'-၀" ၁၇'-၆"× ၀'-၉" ၃၁'-၀"×၁၆'-၀"×၀'-၉" | ၄၀၂ | ☐အမျိုးသား<br>☐အမျိုးသမီး<br>☑အမျိုးသားနှင့် အမျိုးသမီး | ၆၆.၅ သိန်း | - | | ၆၆.၅ သိန်း |
| | လမ်းချော်း ကျောက်ခင်း ဖြင့် | ၆၀'×၁၄'-၀"×၀'-၉" | | ☐အမျိုးသား<br>☐အမျိုးသမီး<br>☐အမျိုးသားနှင့် အမျိုးသမီး | | | | |

လူထုဗဟိုပြုစီမံကိန်း၊စီမံကိန်း၊ ၂၆

အပိုင်း-၃ ၁၉.၉.၂၀၁၅

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ရှားခီးဘို | လမ်းပြုပြင်ခြင်း (ယာ:ဟောင်းကျောက်စီ၊ လမ်းချောင်းကျောက်ခင်းခြင်း) | ၇၀၀'x ၁၄'-၆"x ၀'-၄" ၂၀၀x၁၄'-၆"x၀'-၇" | ၁၆၉၆ | □အမျိုးသား □အမျိုးသမီး ☑အမျိုးသားနှင့်အမျိုးသမီး | ၇၀.၅ သိန်း | ၅ သိန်း | | | ၇၅.၅ သိန်း |
| | | | | □အမျိုးသား □အမျိုးသမီး □အမျိုးသားနှင့်အမျိုးသမီး | | | | | |
| | | | | □အမျိုးသား □အမျိုးသမီး □အမျိုးသားနှင့်အမျိုးသမီး | | | | | |
| | | | | □အမျိုးသား □အမျိုးသမီး □အမျိုးသားနှင့်အမျိုးသမီး | | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ အမည် ဦးအောင်သန်းကူ၊ ဒေါ်တင်ဇာမျိုး

လက်မှတ် Aung [signature] ရက်စွဲ ၁၉.၁၀.၂၀၁၇

# အစည်းအဝေးမှတ်တမ်း

ကြံခင်းမြို့နယ်၊ ကြာအင်းအုပ်စု၊ကြက်လျှာစွန်းကျေးရွာ

ပထမ+ဒုတိယအကြိမ်အစည်းအဝေးမှတ်တမ်း

ကြက်လျှာစွန်းကျေးရွာတွင်ပထမအကြိမ်ကျေးရွာအစည်းအဝေးကို(၁၉.၉.၂၀၁၇)နေ့လည် (၁၂း၀၀) နာရီ တွင် စတင်၍ ကျေးရွာရပ်မိရပ်ဖ အား အဖွင့်အမှာစကားပြောကြားခြင်း။

-ဝန်ထမ်းများမှမိတ်ဆက်စကားပြောကြားခြင်း။

-ကျေးရွာစီ/ထောက်ကော်မတီများအား မိတ်ဆက်ခြင်း။

-ကျေးရွာလူထုအနေဖြင့် စီမံကိန်းအား မိတ်ဆက်ခြင်း။

-စီမံကိန်းအကြောင်းကျေးရွာလူထုနှင့်ဆွေးနွေးမေးမြန်းခြင်း။

-စီမံကိန်းစက်ဝန်းအား ကျေးရွာလူထုအားရှင်းပြခြင်း။

-ဝေဖန်အကြံပြုတိုင်ကြားဖြေရှင်းရေးအကြောင်းရှင်းပြခြင်း။

-ကျား/မရေးရာ ကဏ္ဍအား ဆွေးနွေးတိုင်ပင်ခြင်း။

-ဆောင်ရန်ရှောင်ရန်များကို ရှင်းပြခြင်း။

-စီမံကိန်းတွင် အဓိကပါဝင်သူများကို ကျေးရွာလူထုသိရှိအောင် ဆွေးနွေးတိုင်ပင်ပြီးကျေးရွာလူထုအား အဓိက ပါဝင်သူများ၏ တာဝန်ဝတ္တရားများကို ရှင်းပြခြင်း။

လူမှုဆန်းစစ်ချက်များဖြစ်သည့်

-လူမှုနှင့်သဘာဝအရင်းအမြစ်ကို ကျေးရွာလူထုနှင့်အတူ ဖော်ထုတ်ခြင်း။

-အဖွဲ့အစည်းချိတ်ဆက်ပြပုံကို ကျေးရွာလူထုနှင့်အတူ ဖော်ထုတ်ခြင်း။

-ပင့်ကူအိမ်သုံးသပ်ချက် ကိုအမျိုးသမီးများအား သီးသန့်တစ်ဝိုင်းဖွဲ့ပြီး ဆွေးနွေးပြီး အမျိုးသားများ ကိုလည်း ဝိုင်းဖွဲ့ဆွေးနွေးခဲ့သည်။

-အရင်းအမြစ်များအသုံးပြုမှု/ထိန်းချုပ်မှုကို ကျေးရွာလူထုနှင့်အတူ ဆွေးနွေး ဖော် ထုတ် နိုင်ခဲ့သည်။

-ရာသီခွင်ပြပြက္ခဒိန်ကို ဖော်ထုတ်ဆွေးနွေးခြင်း၊

-ဥစ္စာဓနအဆင့်သတ်မှတ်ချက်ကို ဆွေးနွေးခြင်း၊

လူမှုဆန်းစစ်ချက်များကို ပြုလုပ်ပြီးသည့်နောက်တွင် ကျေးရွာလူထုအား ပြန်လည် အနှစ်ချုပ်ရှင်းပြခြင်း။

လူမှုဆန်းစစ်ခြင်းများကို အနှစ်ချုပ်ပြီးနောက်တွင်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် မည့်သည့် အခက် အခဲများက တားဆီးနေသလဲ ဟူသည်ကို အမျိုးသား/အမျိုးသမီး ဝိုင်းဖွဲ့ပြီးဆွေးနွေးခဲ့ကြသည်။

ကျေးရွာပြည်သူလူထုရှိမိမိကျေးရွာအပေါ်တွင်ထားရှိသောမျှော်မှန်းချက်များကို အမျိုးသား/အမျိုးသမီးဝိုင်းဖွဲ့ပြီး ဆွေးနွေး ခဲ့ကြသည်။ ကော်မတီများဖွဲ့စည်းပြီးနောက်ပိုင်းတွင် ကျေးရွာတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆွေးနွေးပြီးဖော်ထုတ်ခဲ့ကြ သည်။

စီမံကိန်းတွင်လူမှုအကာအကွယ်နှင့်သဘာဝ အကာအကွယ်များကိုရှင်းပြခြင်း။ စီမံကိန်းတွင် အကျုံး ဝင်/မဝင်ကို ရှင်းပြခြင်း။ဦးစားပေးလုပ်ငန်းများကိုလည်း ကျေးရွာလူထုနှင့်အတူ ဖော် ထုတ် ခဲ့ကြသည်။

ကော်မတီများအား လက်မှတ်ရေးထိုးခြင်းနှင့် ဓာတ်ပုံမှတ်တမ်းတင်ပြီး အစည်းအဝေးအား ပိတ်သိမ်းခဲ့ သည်။

**********************************************

**လူထုစည်းရုံးရေးမှူး**

# ၁၄။ ကဏ္ဍအလိုက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

| | စဉ် | လုပ်ငန်း | အဆိုပြုသူ | လ/နှစ် | လုပ်ဆောင်မည့်သူ | ပြင်ပမှထောက်ပံ့ပေးသူ |
|---|---|---|---|---|---|---|
| •အခြေခံအဆောက်အဦး | ၁ | တာကျိုးတံတားကိုကွန်ကရစ်တံတား ဆောက်ရန် | ကျား<br>မ | ၂၀၁၇ | ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| | ၂ | စက်ရေတွင်း၊ရေကန်ဆောက်ရန် | ကျား<br>မ | ၂၀၁၇ | ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| | ၃ | စာကြည့်တိုက်၊အစည်းအဝေးခန်းမ | ကျား<br>မ | ၂၀၁၇ | ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| | ၄ | ရွာတွင်းကွန်ကရစ်လမ်းခင်းရန် | ကျား<br>မ | ၂၀၁၇ | ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| | ၅ | ရိုးကူးတံတားတည်ဆောက်ရန် | ကျား | ၂၀၁၇ | ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| အသက်မွေးဝမ်းကြောင်း/ စိုက်ပျိုးရေး | ၁ | စိုက်ပျိုးရေးသင်တန်းများ | မ | ၂၀၁၇ | ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| | ၂ | စက်ချုပ်သင်တန်း | မ | ၂၀၁၇ | ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| | | | | | | |
| | | | | | | |
| | | | | | | |
| ကျန်းမာရေးနှင့် အာဟာရ | ၁ | ဆေးပေးခန်း | ကျား | ၂၀၁၇ | ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| | ၂ | ဆေးဝါးထောက်ပံ့မှု | မ | ၂၀၁၇ | ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| | | | | | | |
| | | | | | | |
| | | | | | | |
| ပညာရေး | ၁ | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| အခြား | ၁ | မီးသတ်ယာဉ်များ | မ | ၂၀၁၇ | ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| | ၂ | လျှပ်စစ်မီးTRANSFER | ကျား<br>မ | ၂၀၁၇ | ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| | ၃ | ဘောလုံးကွင်း | ကျား | | ကျေးရွာလူထု | |
| | ၄ | မီးတိုင်များကွန်ကရစ်လဲ | ကျား<br>မ | | | |